EMReF Enlightened Myanmar Research Foundation ပညာအလင်းပွင့်မြန်မာသုတေသနဖောင်ဒေးရှင်းမှ စုစည်းတင်ပြသည်။

# ပြည်နယ်နှင့်တိုင်းဒေသကြီး လွှတ်တော်များဆိုင်ရာ သတင်းစာစဉ်

အတွဲ(၂)၊ အမှတ်-၄၇

ဇန်နဝါရီ ၂၃ ရက်၊ ၂၀၁၈

## မကွေးနှင့်ရောဝတီတိုင်းတို့တွင် ဖွံ့ဖြိုးရေးရန်ပုံငွေသုံးစွဲမှု ကွာဟချက်များတွေ့ရှိ

**ဇန်နဝါရီ ၁၆ ရက်၊ ၂၀၁၈**



ပြည်ထောင်စုစာရင်းစစ်ချုပ် ဦးမော်သန်းကို တွေ့ရစဉ်။
Photo: Win Ko Ko Latt(RFA)

တိုင်းနှင့်ပြည်နယ်များတွင် ယခင်အစိုးရလက်ထက်က ဖွံ့ဖြိုးရေးရန်ပုံငွေသုံးစွဲမှုများနှင့် ပတ်သက်သည့် စစ်ဆေးတွေ့ရှိချက်များအရ မကွေးတိုင်းနှင့် ရောဝတီတိုင်းတို့တွင် ရန်ပုံငွေသုံးစွဲမှု ကွာဟချက်အများဆုံးဖြစ်သည်ဟု ပြည်ထောင်စုစာရင်းစစ်ချုပ် ဦးမော်သန်းက ပြောသည်။ စစ်ဆေးမှုအရ တိုင်းနှင့်ပြည်နယ်အတော်များများတွင် ဘဏ္ဍာရေးစည်းမျဉ်းစည်းကမ်းနှင့်မညီဘဲ သုံးစွဲထားခြင်းကို တွေ့ရှိသည်ဟု ပြောသည်။ ထိုတွေ့ရှိချက်များကို ပြီးခဲ့သည့် နိုဝင်ဘာလက နိုင်ငံတော်သမ္မတရုံးထံ တင်ပြထားသည်ဟု ဆိုသည်။

မကွေးတိုင်းတွင် ဒေသဖွံ့ဖြိုးရေး ရန်ပုံငွေကျပ်ဘီလီယံနှင့်ချီ၍ အလွဲသုံးသည့်ကိစ္စ စစ်ဆေးတွေ့ရှိပြီးနောက် ကျန်သည့်တိုင်းဒေသကြီးနဲ့ ပြည်နယ်များတွင်ပါ စစ်ဆေးရန် နိုင်ငံတော်သမ္မတရုံးက ညွှန်ကြားခဲ့ခြင်းဖြစ်သည်။ **(ကိုးကား- www.rfa.org)**

## ဗိသုကာနှင့်မြို့ပြပညာရှင်များ ရန်ကုန်စည်ပင်သာယာရေးဥပဒေမူကြမ်းကို ဝေဖန်ကန့်ကွက်

**ဇန်နဝါရီ ၉ ရက်၊ ၂၀၁၈**

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥပဒေမူကြမ်းသည် မြန်မာနိုင်ငံ၏ အကြီးဆုံးမြို့ဖြစ်သော ရန်ကုန်မြို့၏ရေရှည်ရည်မှန်းချက်ကို ထည့်သွင်းစဉ်းစားခြင်း မရှိရုံသာမက စည်ပင်သာယာရေးကော်မတီ အဖွဲ့ဝင်များ၏ ကိုယ်ကျိုးစီးပွား ပဋိပက္ခကိုလည်း တားဆီးနိုင်ခြင်းမရှိကြောင်း ဗိသုကာပညာနှင့် မြို့ပြစီမံကိန်းပညာရှင်များက ဝေဖန်ပြောဆိုကြသည်။

ရန်ကုန်တိုင်းအစိုးရက ခန့်အပ်သော ကျွမ်းကျင်ပညာရှင်များနှင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီတို့သည် ၂၀၁၆ ခုနှစ်နှောင်းပိုင်းတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ဒေါ်အောင်ဆန်းစုကြည်၏ တောင်းဆိုချက်အရ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဥပဒေသစ်ကို မူကြမ်းရေးဆွဲခဲ့သည်။

လက်ရှိရေးဆွဲပြီးသား စည်ပင်ဥပဒေမူကြမ်းကို သုံးသပ်ရေးအဖွဲ့ဝင် ၃၁ ဦး၏ သုံးသပ်ချက်များနှင့်အတူ ရန်ကုန်တိုင်းအစိုးရသို့ ပြန်လည်ပေးပို့ခဲ့သည်ဟု ဥပဒေကြမ်း သုံးသပ်ရေးကော်မတီ အတွင်းရေးမှူး ဦးသိန်းမြင့်က ပြောသည်။

ထိုဥပဒေမူကြမ်းကို အများပြည်သူသို့လည်း ယခုအချိန်အထိ ချပြခြင်းမရှိသေးပေ။

ဥပဒေကြမ်းကို ရန်ကုန်တိုင်းလွှတ်တော်တွင် ဆွေးနွေးရန် ယခုလကုန်တွင် တိုင်းလွှတ်တော် ကိုယ်စားလှယ်များထံ ဖြန့်ဝေမည်ဟု ရန်ကုန်တိုင်း လျှပ်စစ်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဒေါ်နီလာကျော်က ပြောသည်။

သို့သော် ထိုဥပဒေမူကြမ်းပါ အချက်အလက်များကို မြန်မာနိုင်ငံ ဗိသုကာပညာရှင်များအသင်း(AMA)က ရန်ကုန်မြို့တွင် ဒီဇင်ဘာလ ၃၁ ရက်နေ့က ကျင်းပသော ဆွေးနွေးပွဲတွင် ပညာရှင်များက ဝေဖန်မှုပြုလုပ်ခဲ့သည်။

ထိုဥပဒေမူကြမ်းသည် မြို့တော်ရှိ မြို့ပြစီမံကိန်းများကို စီမံရာတွင် အားနည်းပြီး ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီဝင်များ၏ ကိုယ်ကျိုးစီးပွားကို တားဆီးသော ပြဋ္ဌာန်းချက်များမပါဝင်ဟု ဗိသုကာပညာရှင်ဖြစ်သည့် ဒေါ်လှစုမြတ်က ပြောသည်။

**(ကိုးကား- burma.irrawaddy.com)**

# မန္တလေးတိုင်း၏ ဘတ်ဂျက်အသုံးစရိတ်များ စိစစ်ရာတွင် အချိန်မလုံလောက်၍ လေလွင့်မှုများရှိနေဟုဆို

**ဇန်နဝါရီ ၂၀ ရက်၊ ၂၀၁၈**

မန္တလေးတိုင်းဒေသကြီးအတွင်း ဒေသန္တရ စီမံကိန်းများအတွက် ဘဏ္ဍာရေးနှစ်တစ်နှစ်စာ ဘတ်ဂျက်အသုံးစရိတ်များ စစ်ဆေးရန် လွှတ်တော်ကိုယ်စားလှယ်များသည် အချိန်သုံးရက်ခန့်သာရသဖြင့် စနစ်တကျစစ်ဆေးနိုင်မှုမရှိဘဲ လစ်ဟင်းမှုနှင့် လေလွင့်မှုများရှိနေကြောင်း မန္တလေးတိုင်းဒေသကြီးလွှတ်တော် ဒေသန္တရစီမံကိန်း အရအသုံးငွေစာရင်းနှင့် ဘဏ္ဍာရေးဆိုင်ရာကော်မတီဥက္ကဋ္ဌ ဦးအောင်ကြည်က ပြောကြားသည်။

လွှတ်တော်ကိုယ်စားလှယ်များသည် ဒေသန္တရစီမံကိန်းများနှင့် ဘတ်ဂျက်အသုံးစရိတ်များကို အချိန်ယူစစ်ဆေးကာ ဘဏ္ဍာငွေ အလေအလွင့် မဖြစ်စေရေးစိစစ်ဆောင်ရွက်ရမည်ဖြစ်သည်။

"ဘတ်ဂျက်တွေကစစ်ရတာ နောက်ကျတယ်လို့ ပြောပါတယ်။ ဟုတ်ပါတယ်။ မနက်ပိုင်းပဲ ကက်ဘိနက်(အစိုးရအဖွဲ့ အစည်းအဝေး)ထိုင်ပြီး နေ့လယ်ပိုင်းမှာ လုပ်လိုက်ရတာတွေရှိတဲ့အတွက် ဒီဘက်မှာလည်း အရမ်းခက်ပါတယ်။ လွှတ်တော်ရေးရာအဖွဲ့တွေကလည်း အကြိမ်ကြိမ်ပြောတဲ့အခါ ပြီးခဲ့တဲ့ ဇန်နဝါရီ ၉ ရက်က ရသုံးမှန်းခြေရုံးချုပ်မှာ အစည်းအဝေးလုပ်တော့ ညွှန်ချုပ်အနေနဲ့ နောက်ပိုင်းအချိန်ပိုရအောင် ဆောင်ရွက်ပေးဖို့ စီစဉ်ပေးသွားမယ်လို့ ကတိပေးခဲ့ပါတယ်"ဟု ရသုံးမှန်းခြေငွေစာရင်း ဦးစီးဌာန မန္တလေးတိုင်းဒေသကြီး ညွှန်ကြားရေးမှူးဦးအောင်ဆွေက ပြောသည်။

(ကိုးကား-www.7daydaily.com)


ကြေးမုံ
၄
ပြည်တွင်းရေးရာ

မကွေးတိုင်းဒေသကြီး ဝန်ကြီး ရာထူးမှ နုတ်ထွက်ခွင့်ပြု

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်သမ္မတရုံး
အမိန့်အမှတ်၊ ၃/၂၀၁၈
၁၃၇၉ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၉ ရက်
(၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၁၀ ရက်)

မကွေးတိုင်းဒေသကြီး ဝန်ကြီး ရာထူးမှ နုတ်ထွက်ခွင့်ပြုခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၆၄၊ ပုဒ်မခွဲ (က)နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ ဥပဒေပုဒ်မ ၅၂၊ ပုဒ်မခွဲ(ခ)တို့ပါ ပြဋ္ဌာန်းချက်များအရ အောက်ပါ မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးများအား ယင်းတို့၏ သဘောဆန္ဒအလျောက် တိုင်းဒေသကြီး ဝန်ကြီး ရာထူးမှ နုတ်ထွက်ခွင့်ပြုလိုက်သည်-

(၁) ဦးစိုးမြင့် စိုက်ပျိုးမွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
(၂) ဦးနေမျိုးကျော် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန

(ပုံ)ထင်ကျော်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# တိုင်းနှင့်ပြည်နယ်အစိုးရအဖွဲ့ အပြောင်းအလဲ ဆက်လက်ပြုလုပ်မည်

**ဇန်နဝါရီ ၁၁ ရက်၊ ၂၀၁၈**

နှစ်ရက်အတွင်း ဝန်ကြီးချုပ်တစ်ဦးနှင့် ဝန်ကြီးသုံးဦးကို တရားဝင်နုတ်ထွက်ခွင့်ပြုကြောင်း နိုင်ငံတော်သမ္မတရုံးက ကြေညာပြီးနောက် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးနှစ်ဦးလည်း နုတ်ထွက်စာတင်ထားကာ အစိုးရအဖွဲ့အတွင်း အပြောင်းအလဲများ ဆက်လက်ရှိဦးမည်ဟု ပါတီနှင့်ရင်းနှီးသော သတင်းရင်းမြစ်အချို့က ပြောသည်။

တစ်ချိန်တည်းတွင် ဒီချုပ်ပါတီ ဗဟိုပြန်ကြားရေးကော်မတီအတွင်းရေးမှူး မုံရွာအောင်ရှင်က အစိုးရအဖွဲ့ဝင်များကို ပြောင်းသင့်ပြောင်းထိုက်၍ ပြောင်းလဲခြင်းဖြစ်ပြီး ထပ်မံလည်းပြောင်းလဲနိုင်ကြောင်း နေပြည်တော်၌ သတင်းထောက်များနှင့်တွေ့ဆုံစဉ် ပြောကြားသည်။

ယင်းသို့ အပြောင်းအလဲပြုလုပ်ရခြင်းသည် စွမ်းဆောင်ရည်၊ အကျင့်ပျက်ခြစားမှုနှင့် လူမှုရေးပြဿနာများ၊ ကျန်းမာရေးအခြေအနေစသည့် အချက်သုံးချက်ကို အဓိကကြည့်ရှု၍ ပြောင်းလဲခြင်းဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောသည်။

ဒီချုပ်အစိုးရ သက်တမ်း ၂ နှစ်ပြည့်ခါနီးတွင် ရေဝတီတိုင်းဝန်ကြီးချုပ် မန်းဂျော်နီနှင့် ဝန်ကြီးဦးဘဟိန်း၊ မကွေးတိုင်းအစိုးရအဖွဲ့ဝင် ဝန်ကြီးနှစ်ဦးဖြစ်သည့် ဦးစိုးမြင့်နှင့် ဦးနေမျိုးကျော်တို့ကို ၎င်းတို့၏ သဘောဆန္ဒအလျောက် နုတ်ထွက်ခွင့်ပြုကြောင်း သမ္မတရုံးက ထုတ်ပြန်သည်။

ပဲခူးတိုင်းအစိုးရအဖွဲ့ဝင် ဝန်ကြီးနှစ်ဦးမှာ ပါတီက နုတ်ထွက်စာတင်ရန် လမ်းညွှန်ခဲ့ကြောင်း နုတ်ထွက်ဝန်ကြီးတစ်ဦးဖြစ်သူ ဦးကျော်မင်းစံက ပြောကြားသည်။

ယင်းသို့ပြုလုပ်ခြင်းသည် အစိုးရ၏ စွမ်းဆောင်ရည်ကို တိုးမြှင့်ရန်လုပ်ဆောင်သည့် ဆောင်ရွက်ချက်တစ်ခု ဖြစ်ကြောင်း ဒေါက်တာမျိုးညွန့်က မှတ်ချက်ပြု သည်။

(ကိုးကား-http://www.7daydaily.com)

## သတင်းတို

- မွန်ပြည်နယ်လွှတ်တော်က အသစ်ပြန်ပြင်ခဲ့သည့် ပြည်နယ်ငါးလုပ်ငန်း ဥပဒေမူကြမ်းတွင် ထည့်သွင်းမည့်အချက်များကို ငါးလုပ်ငန်းနှင့် သက်ဆိုင်သူများ ဆွေးနွေးအကြံပြုရန် ပြည်သူ့ကြားနာပွဲများ ပြုလုပ်နေကြောင်း မွန်ပြည်နယ်လွှတ်တော် ဥပဒေပြုရေးကော်မတီဥက္ကဋ္ဌ ဒေါ်ခိုင်ခိုင်လဲ့က ပြောသည်။ ပြည်သူ့ကြားနာပွဲများကို နေရာလေးခု တွင် ကျင်းပမည်ဖြစ်ရာ ဇန်နဝါရီ ၁၃ နှင့် ၁၄ ရက်က သထုံခရိုင် ဘီးလင်းနှင့် သထုံမြို့နယ်တွင် ပြုလုပ်ခဲ့သည်။ မော်လမြိုင်ခရိုင် မော်လမြိုင်နှင့် ချောင်းဆုံမြို့တို့၌ ယခုလအတွင်း ပြည်သူ့ကြားနာပွဲများ ဆက်လက်ပြုလုပ်ရန် စီစဉ်ထားကြောင်း ဒေါ်ခိုင်ခိုင်လဲ့က ဆိုသည်။

(ကိုးကား- www.7daydaily.com)

# တနင်္သာရီလွှတ်တော်ကော်မတီတွေ ဘာလုပ်ခဲ့လဲ

## (၁) လွှတ်တော်ကိုယ်စားလှယ် စိစစ်ရေးကော်မတီဥက္ကဋ္ဌ၊ ဦးတင်ထွန်း(ဘုတ်ပြင်း မဲဆန္ဒနယ်)

"တပ်မတော်သားကိုယ်စားလှယ် ပြောင်းလဲမှုတွေအတွက် ကိုယ်စားလှယ်စိစစ်ရေး ကတ်ထုတ်ဝေပေးခြင်းနဲ့ ရေစိုပျက်စီးသွားတဲ့ ကိုယ်စားလှယ်တစ်ဦးရဲ့ စိစစ်ရေးကတ်အတွက် ကတ်သစ်တစ်ခု ထုတ်ဝေခြင်း ကို လုပ်ဆောင်နိုင်ခဲ့ပါတယ်။"

## (၂) အာမခံချက်များ၊ ကတိများ၊ တာဝန်ခံချက်များနှင့် တိုင်ကြားစာ၊ အသနားခံစာဆိုင်ရာ စိစစ်ရေးကော်မတီဥက္ကဋ္ဌ၊ ဒေါ်ရီရီချို(မြိတ်မဲဆန္ဒနယ်)

"မြေယာကိစ္စတချို့နဲ့ ကြိန်ချောင်း တနင်္သာရီရွှေတူးဖော်ရေးကြောင့် ရေနောက်ကျိခြင်း တို့အတွက် ကွင်းဆင်းဆောင်ရွက် လုပ်နိုင်ခဲ့တယ်။ ဌာနနဲ့ဆိုင်တဲ့ကိစ္စတွေကိုလည်း သက်ဆိုင် ရာဌာနတွေဆီ လွှဲပို့ပေးခဲ့ တယ်။ အများစုက မိတ္တူပို့တာတွေဆိုတော့ မှတ်တမ်းတင်ထားရုံပါ ပဲ။ တချို့မြေကိစ္စတွေဆိုရင် အခုထိ မြို့နယ်၊ ခရိုင်မြေယာစီမံခန့်ခွဲရေးအဖွဲ့တွေမှာ လုပ် ဆောင်နေဆဲပါ။ အခက်အခဲမရှိပါဘူး၊ အတန်အသင့်တော့ အားရပါတယ်။"

## (၄) တိုင်းရင်းသားလူမျိုးအရေးဆိုင်ရာကော်မတီဥက္ကဋ္ဌ၊ ဦးမန်းဆွေမြင့်(ဘုတ်ပြင်းမဲဆန္ဒနယ်)

"လုပ်ဆောင်ချက်ကတော့ များများစားစားမရှိပါဘူး၊ ကော်မတီရဲ့အခက်အခဲက သွားရေး လာရေးအတွက် ငွေရေးကြေးရေးက အဓိကအခက်အခဲပါပဲ။ အတတ်နိုင်ဆုံးတော့ ကြိုးစား ခဲ့တယ်၊ ကော့သောင်းခရိုင်မှာရှိတဲ့ ဆလုံတိုင်းရင်းသားတွေရဲ့ လူမှုဘဝအခြေအနေကို လေ့လာနိုင်ခဲ့တယ်။ သူတို့လိုအပ်ချက်တွေကို တိုင်းရင်းသားရေးရာဝန်ကြီးကတစ်ဆင့် ပေါ်ပေါ်လွင်လွင် တင်ပြနိုင်ခဲ့တယ်။ အစီရင်ခံစာ ၂ ကြိမ်တင်နိုင်ခဲ့တယ်။ ကော်မတီအစည်း အဝေး ၅ ကြိမ်လုပ်နိုင်ခဲ့တယ်။ တိုင်းရင်းသားတွေနဲ့ ပတ်သက်တဲ့အရေးတွေ ထဲထဲဝင်ဝင် မလုပ်နိုင်တာက(လွှတ်တော်က) ပံ့ပိုးမှုနည်းတဲ့သဘောရှိတယ်။ အားရကျေနပ်မှုမရှိပါဘူး။"

## (၅) ဥပဒေပြုရေးဆိုင်ရာကော်မတီဥက္ကဋ္ဌ၊ ဦးကြည်စိုး(လွှတ်တော်ဒုဥက္ကဋ္ဌ-ရေဖြူမဲဆန္ဒနယ်)

"ကော်မတီသက်တမ်း ၁ နှစ်နဲ့ ၈ လအတွင်းမှာ ဥပဒေ ၄ ခု ပြဋ္ဌာန်းနိုင်ရေး လုပ်ဆောင်နိုင် ခဲ့ပါတယ်။ စည်ပင်သာယာရေးဥပဒေ၊ ဂုဏ်ထူးဆောင်လက်မှတ်များနှင့် ဂုဏ်ထူးဆောင် ဆု တံဆိပ်များ ချီးမြှင့်အပ်နှင်းခြင်းဆိုင်ရာဥပဒေ၊ ပြတိုက်နှင့်စာကြည့် တိုက်များဥပဒေ၊ ယစ်မျိုး ခွန်ဥပဒေတို့ဖြစ်ပါတယ်။ ဒါ့ပြင် ရေချိုငါးလုပ်ငန်းဥပဒေကိုလည်း လာမယ့် လွှတ်တော်အစည်း အဝေးမှာ တင်သွင်း ပြဋ္ဌာန်းနိုင်ရေး ဆောင်ရွက်နိုင်ခဲ့ပါတယ်။ ၂၀၁၈ ခုနှစ်အတွင်း ဦးစားပေး ရေးဆွဲပြဋ္ဌာန်းဖို့ အစည်းအဝေးဆုံးဖြတ်ချက်နဲ့ သဘောတူထားတဲ့ ဥပဒေ ၄ ခု ကျန်ရှိနေပါ တယ်။ အဲဒါတွေကတော့ (က) အိမ်တွင်းစက်မှုလုပ်ငန်းဥပဒေ၊ (ခ) အပန်းဖြေစခန်းများ၊ တိရစ္ဆာန်ဥယျာဉ်နှင့် ရုက္ခဗေဒဥပဒေ၊ (ဂ) ဟိုတယ်၊ တည်းခိုခန်းလုပ်ငန်းများ ဥပဒေ၊ (ဃ) ခရီး သွားလုပ်ငန်းဥပဒေတို့ ဖြစ်ပါတယ်။

ဖြတ်သန်းခဲ့တဲ့ ကော်မတီသက်တမ်းမှာ လုပ်ဆောင်ချက်တွေအပေါ် ရာနှုန်းပြည့် အားရ ကျေနပ်မှုမရခဲ့ပါဘူး။ အဓိကအခက်အခဲကတော့ ကော်မတီဝင်များ ပုံမှန်စုံညီအစည်းအဝေး ထိုင်ဖို့ အဆင်မပြေတာရယ်၊ လွှတ်တော်ကိုယ်စားလှယ်များရဲ့ ဥပဒေပညာရပ်ဆိုင်ရာကျွမ်း ကျင်မှု အားနည်းနေသေးတာတွေရယ်ကြောင့် စိတ်သွားတိုင်း ကိုယ်မပါနိုင်တာတွေ ရှိနေခဲ့ပါ တယ်။ ဒါကို ဥပဒေလေ့လာသုံးသပ်ရေး ကော်မရှင်အဖွဲ့နဲ့ပူးပေါင်းပြီး ဥပဒေကြမ်းတွေကို ဆန်းစစ်သုံးသပ်ခြင်း၊ အကြံပြုချက်ရယူခြင်းတို့နဲ့ အောင်မြင်စွာကျော်ဖြတ်နိုင်ခဲ့ပါတယ်။ ပြည်သူ့အတွက် အရေးကြီးတဲ့ဥပဒေကြမ်းကို ချပြရှင်းလင်းခြင်း၊ သဘောဆန္ဒရယူခြင်း၊ အပြန်အလှန် ပါဝင်ဆွေးနွေးခြင်းတို့ကို ကျယ်ကျယ်ပြန့်ပြန့် လုပ်ဆောင်ရာမှာ ပြည်သူအလွှာ အသီးသီးက တက်ကြွစွာ ပါဝင်လာဖို့ လိုအပ်နေပါတယ်။" **(ကိုးကား- တနင်္သာရီဂျာနယ်)**

# ကယားလွှတ်တော်ကော်မတီ၏ အရပ်ဘက်အဖွဲ့အစည်း ကိုယ်စားလှယ် ၄ ဦး နုတ်ထွက်

**ဇန်နဝါရီ ၁၀ ရက်၊ ၂၀၁၈**

ကယားပြည်နယ်လွှတ်တော် တိုင်စာ၊ ပစ်စာလေ့လာဆန်းစစ်ရေး ကော်မတီမှ အရပ်ဘက် အဖွဲ့အစည်းကိုယ်စားလှယ် လေးယောက် ဇန်နဝါရီ ၁၀ ရက်နေ့က နုတ်ထွက်ခဲ့သည်။

ပြီးခဲ့သည့် ဒီဇင်ဘာ ၁၉ ရက်နေ့က ကေ အန်ပီပီရဲဘော် သုံးယောက်နှင့် အရပ်သား တစ်ယောက် ပစ်သတ်ခံရမှုအတွက် အမှုမှန် ဖော်ပေးရန် တောင်းဆိုသူများကို တရားစွဲ လိုက်သည့်အပေါ် ယခုလို နုတ်ထွက်ခွင့် တောင်းခဲ့ခြင်းဖြစ်သည်။

သက်ဆိုင်ရာ တာဝန်ရှိသူများအနေဖြင့် အရပ်သားသေဆုံးမှုကို လျစ်လျူရှုပြီး ဆန္ဒ ဖော်ထုတ်သူများကိုသာ တရားစွဲခြင်းသည် ကယားပြည်နယ်၏ အုပ်ချုပ်ရေး၊ ဥပဒေပြု ရေးနဲ့ တရားစီရင်ရေးကဏ္ဍသုံးရပ်လုံး ပြည် သူကို အကာအကွယ်မပြုနိုင်တော့ဘဲ ဖိနှိပ် မှုကိုသာ အားပြုနေသည်ဟု ဦးအန်ဂျေလို ၏ နုတ်ထွက်စာတွင် ဖော်ပြထားသည်။ ထို့ကြောင့် ပြည်နယ်လွှတ်တော်၏ ပြည်သူ ကို ကိုယ်စားပြုသည်ဆိုသည်ကို အယုံ အကြည်မရှိတော့ဟု လည်း ၎င်းကဆိုသည်။

ကယားပြည်နယ် လွှတ်တော် တိုင်စာ ပစ်စာ လေ့လာဆန်းစစ်ရေး ကော်မတီကို ၂၀၁၆ ခုနှစ်တွင် ဖွဲ့စည်းခဲ့ရာ တစ်နှစ်ကျော် ကြာမြင့်လာပြီ ဖြစ်သော်လည်း ကော်မတီမှ ပေးအပ်ထားသောတာဝန်များကို ထိရောက် သော တာဝန်ယူဖြေရှင်းနိုင်မှု မပြုလုပ်နိုင် သည့်အပြင် ဦးဆောင်သူများသည် တာဝန် လစ်ဟင်းမှုများ ရှိနေကြောင်းလည်း နုတ် ထွက်သူများက ပြောဆိုထားသည်။

ထိုကော်မတီကို အရပ်ဘက်အဖွဲ့အစည်း ကိုယ်စားလှယ် ၄ ဦးအပါအဝင် စုစုပေါင်း ၂၄ ဦးဖြင့် ဖွဲ့စည်းထားခြင်းဖြစ်ကြောင်း၊ ပြည်သူများက တိုင်ကြားထား၍ ကြားနာဆဲ အမှု ၂ ခုရှိပြီး မြန်မာ့တပ်မတော်မှ မြေသိမ်း ထားသည့်ကိစ္စနှင့်ပတ်သက်၍ တိုင်ကြား ထားသည့် အမှု ၄ ခုရှိကြောင်း သိရသည်။

**(ကိုးကား-www.burmese.dvb.no/ www.burma.irrawaddy.com)**